# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်
## (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦးရှိတဲ့အနက် ၃၉၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၈၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၃-၁၀-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၅ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၉၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၂၆ ဦးအနက် ၂၄ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၂) ဘိုးကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာမြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်၊ ဖိတ်ကြားထားသော

ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ညွှန်ကြားချက်အရ မြို့နယ်များမှာ ဖွဲ့စည်းထားတဲ့ မြို့နယ်ဖွင့်ပေးမှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့နဲ့စပ်လျဉ်းတဲ့မေးခွန်းကိုမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါခေတ်စနစ်ပြောင်းလဲလာမှုနှင့် အညီ ပြည်သူ့ဗဟိုပြုအုပ်ချုပ်ရေးလမ်းကြောင်းကို နိုင်ငံတော်အစိုးရသစ်က အကောင်အထည်ဖော်လျက်ရှိနေပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၈-၃-၂၀၁၃ ခုနှစ်နေ့စွဲပါစာအမှတ်၊ ၁၀၀(၅)/၇/သမ္မတရုံးအရ နိုင်ငံနှင့်အဝန်း မြို့နယ်အသီးသီးမှာ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီနဲ့ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ကို မြို့မိမြို့ဖများပါဝင်တဲ့ အရပ်ဘက်အဖွဲ့အစည်းများနဲ့ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားတာကို လေ့လာသိရှိရပါတယ်။ ဒါပေမယ့် အဲ့ဒီမြို့မိမြို့ဖများပါဝင်တဲ့အဖွဲ့အစည်းများဟာ လက်တွေ့နယ်ပယ်မှာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားဌာနတွေပါဝင်တဲ့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီရဲ့ လွှမ်းမိုးမှုအောက်မှာ ရုပ်ပြသဘောဆောင်နေခြင်း၊ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းများနှင့် ကျွမ်းကျင်မှုမရှိခြင်းကြောင့် လုပ်ငန်းလုပ်ဆောင်ရာမှာ အခက်အခဲတွေ တချို့ရှိနေပါတယ်။ အဲလိုဖြစ်တဲ့အတွက်ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာမှာအဆင်ပြေစေရန် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များထံ ချဉ်းကပ်အကူအညီတောင်းခံကြပါတယ်။ ထို့ကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ (၁) မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီတို့ရဲ့ ရပိုင်ခွင့်နှင့်တာဝန်များကို သိရှိလိုပါတယ်။(၂) ၎င်းအဖွဲ့အစည်းများ လုပ်ငန်းဆောင်တာတွေဆောင်ရွက်တဲ့အခါမှာ ပြည်သူများက ၎င်းတို့ထံ ဆက်သွယ်ရာတွင်လည်းကောင်း၊ အစည်းအဝေးများကျင်းပရာတွင်လည်းကောင်း ချောမောအဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ ရုံးခန်းသို့မဟုတ် အဆောက်အအုံများ နေရာသတ်သတ်မှတ်မှတ်စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (၃) အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း အဆိုပါကော်မတီနှင့် အဖွဲ့ရဲ့ဆောင်ရွက်မှုတွေဟာ အသက်ဝင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင်ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းထားရှိရန် နိုင်ငံတော်သမ္မတရုံးက ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့အားလုံး ကျွန်တော်တို့ ၂၆-၂-၂၀၁၃ရက်မှာ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အဲ့လိုဖွဲ့စည်းရာမှာ အဖွဲ့ဝင် ၇ ဦး နှင့် ဖွဲ့ထားတာဖြစ်ပါတယ်-

(က) မြို့မိမြို့ဖများမှရွေးချယ်သောပုဂ္ဂိုလ် — ဥက္ကဋ္ဌ

(ခ) လူမှုရေး(သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက်ကျွမ်းကျင်ပညာရှင်၊ပညာအခြေပြု အဖွဲ့အစည်းများမှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဃ) မြို့မိမြို့ဖများမှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(စ) ဒုတိယဦးစီးမှူး၊ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ — အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ — အတွင်းရေးမှူး

အနေနဲ့ဖွဲ့စည်းထားတာဖြစ်ပါတယ်။

အဲ့ဒီကော်မတီကို ကျွန်တော်တို့ လုပ်ငန်းတာဝန် ၃၃ခု ကိုပေးအပ်ထားပါတယ်။ ကျွန်တော်တို့ တင်ပြရရင်-

(က) မြို့ပြနှင့်ကျေးလက်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျေးလက်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများဆောင်ရွက်ခြင်း၊ အများသုံးသန့်စင်ခန်းများတည်ဆောက်ခွင့်ပြုခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများတည်ထောင်ခြင်း၊ကြီးကြပ်ခြင်း၊

(ဇ) ကျွဲနွားပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများကြီးကြပ်ခြင်း၊

(တ) အနေ့းယာဉ်များစီမံခန့်ခွဲခြင်း၊

(ထ) လမ်းတံတားများတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့်လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ်သတ်မှတ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) ပုဂ္ဂလိကအဆောက်အအုံများဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ အန္တရာယ်ရှိစေနိုင်သောအဆောက်အအုံများ ဖျက်သိမ်းစေခြင်း၊

(ပ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ကျေးလက်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နယ်နိမိတ် ပိုင်းခြားသတ်မှတ်ကြေငြာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်နှင့် ဤဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ပ)အရ သတ်မှတ်ကြေညာထားသော ဒေသနယ်နိမိတ်အတွင်း ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များဖျက်သိမ်းခြင်း၊

(ဗ) အခကြေးငွေယူ၍အခန်းလိုက် ငှားရမ်းသော အဆောက်အအုံများ၊ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာများ၊ တည်းခိုခန်းများစစ်ဆေးခြင်း၊

(ဘ) တိရစ္ဆာန်များထားရှိခြင်းကို ကြီးကြပ်ခြင်း၊ လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့အပ်နှံခြင်း၊

(ယ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ရ) သုဿာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုလ်စက်များ တည်ထောင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊

(လ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် သုဿာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုဿာန်မြေများကို အခြားနည်းအသုံးပြုခြင်း၊

(ဝ) ဆိုင်းဘုတ်နှင့်ကြော်ငြာများစိုက်ထူခြင်း၊ ချိတ်ဆွဲခြင်းအားကြီးကြပ်ခြင်း၊

(သ) ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဟ) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဠ) အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း၊

(အ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ နောက်ထပ် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကိုလည်းပဲ နိုင်ငံတော်သမ္မတရုံးအနေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့များ နေပြည်တော်ကောင်စီအားလုံးကိုပဲ ၂၆-၂-၂၀၁၃ ရက်နေ့မှာပဲ ဖြန့်ဝေပြီးအောက်ပါအတိုင်း ဖွဲ့စည်းထားရန် အကြောင်းကြားထားပြီးဖြစ်ပါတယ်။ အဲဒီမှာလည်းပဲ ကျွန်တော်တို့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး ၉ ဦးနှင့်ဖွဲ့စည်းရတာဖြစ်ပါတယ်-

| | | |
|---|---|---|
| (က) | ကော်မတီဝင်ပုဂ္ဂိုလ်များ၏ အများဆန္ဒအရ ရွေးချယ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | မြို့မိမြို့ဖနှင့်ရပ်ကွက်ကျေးရွာအုပ်စုကိုယ်စားလှယ်များမှအများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူ | အဖွဲ့ဝင် |
| (ဂ) | လူမှုအဖွဲ့အစည်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | စီးပွားရေးအသင်းအဖွဲ့ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | အလုပ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | တောင်သူလယ်သမားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမှုဆောင်အရာရှိ ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဈ) | မြို့မိမြို့ဖ၊ လူမှုရေး၊ စီးပွားရေးကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူတို့ဖြစ်ပါတယ်။ | အတွင်းရေးမှူး |

ဒီကော်မတီမှာလည်းပဲ ကျွန်တော်တို့ လုပ်ငန်းတာဝန် ၉ ရပ် သတ်မှတ်ပေးထားပါတယ်။ အဲဒီ တာဝန်များကတော့-

(က) မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်အတွင်းနေထိုင်ကြတဲ့ ပြည်သူများရဲ့ လူမှုအကျိုး စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဆောင်ခြင်း၊ ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ အားဝိုင်းဝန်းဆွေးနွေးအဖြေရှာခြင်း၊ ရပ်မိရပ်ဖဒေသခံများနှင့် ပူးပေါင်း၍ မြို့ပြ ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်ဌာနဆိုင်ရာများအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ အပ်နှင်းထားသော လုပ်ငန်း တာဝန်များကို မထိခိုက်စေဘဲ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ရေးလိုအပ်ချက်တို့ကို ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အထောက်အကူပြုပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက်နှင့်ကျေးရွာအုပ်စုမှ ပြည်သူများ လူထုလူတန်းစားအလွှာအသီးသီးမှ တင်ပြ လာသည့် လူမှုစီးပွားရေးတိုးတက်ရန် လိုအပ်ချက်များနှင့် မြို့ပြကျေးရွာ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် တွေ့ဆုံညှိနှိုင်းသည့် အစည်း အဝေးတွင် ဆွေးနွေးပူးပေါင်းဖြေရှင်းဆောင်ရွက်ခြင်း၊

(ဃ) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲ၍ လိုအပ်ချက်များ ဆွေးနွေးအကြံပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်နေရာများရှိပါက လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်မှုရှိ/မရှိစိစစ်ရာ၌ ဆွေးနွေးညှိနှိုင်းအကြံပြုခြင်း၊

(င) မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍ၏စွမ်းဆောင်မှုသည် အဓိက ဖြစ်သည့်အတွက် စီးပွားရေးကုန်ထုတ်လုပ်မှု လုပ်ငန်းနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက် လာစေရန် တီထွင်ကြံဆပူးပေါင်းဆောင်ရွက်ခြင်း၊ သမဝါယမအသင်းများ၊ ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ စီးပွားရေးအသင်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် အသေးစား နှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အားပေးမြှင့်တင် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(စ) ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ကော်မတီအတွင်း ညှိနှိုင်း၍ဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များနှင့် မြို့နယ်အဆင့်

ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို အကြံပြုညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ အကောင် အထည်ဖော်ဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) မြို့နယ်အတွင်း၌ နိုင်ငံတကာအထောက်အပံ့ဖြင့်ဆောင်ရွက်သော လုပ်ငန်းများတွင် ပြည်သူတို့၏အကျိုးစီးပွားကို ထိရောက်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) မြို့နယ်အတွင်းရှိ ပြည်သူများ၏ အမှန်တကယ်ဆုံးရှုံးနစ်နာမှုများရှိလာပါက မြို့နယ် စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးခြင်းတို့ဖြစ်ပါ တယ်။

စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများရဲ့ ရပိုင်ခွင့်အနေနဲ့ စရိတ်ချီးမြှင့်ငွေနှင့် လစာများကို သက်ဆိုင်ရာမြို့နယ်အသီးသီးတို့မှ နှစ်စဉ်ရရှိတဲ့ဝင်ငွေအပေါ်မူတည်ပြီးတော့ သာမန်အသုံးစရိတ်ဖြင့် သတ်မှတ်ပေးနိုင်ပါတယ်။ ဒီလိုသတ်မှတ်ရာမှာလည်း နှစ်စဉ်ရရှိသော ဝင်ငွေရဲ့ ၃၀ ရာခိုင်နှုန်းအတွင်းသာ ကျခံသုံးစွဲရမှာဖြစ်ပါတယ်။ မြို့နယ်/ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များကတော့ ဒေသခံများဖြစ်ခြင်း၊ အချိန်ပြည့်ရုံးလုပ်ငန်း ဆောင်ရွက်ရန် မလိုအပ်ခြင်း၊ တစ်လတစ်ကြိမ်ပြုလုပ်သော အစည်းအဝေး၊ အခါအားလျော်စွာပြုလုပ်သောအစည်းအဝေးတို့မှာ တက်ရောက်ရခြင်းသာရှိသဖြင့် ၎င်းတို့ရဲ့ ရပိုင်ခွင့်နှင့်ပတ်သက်ပြီး သတ်မှတ်ဆောင်ရွက်ပေးရန်မလိုအပ်ပါ။ မြို့နယ်စည်ပင်သာယာရေးကော်မတီနဲ့ မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီရဲ့ ရုံးလုပ်ငန်းများဆောင်ရွက်ရန်အတွက်ကတော့ မြို့နယ်စည်ပင်သာယာရေးရုံးနှင့် အဆောက်အဦများကို အသုံးပြုရန်ဆောင်ရွက်ထားပါတယ်။

တင်ပြတဲ့အတိုင်းပဲ ဒီလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးခွန်းမှာပါတဲ့အတိုင်း အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ အဆိုပါကော်မတီများ ဖွဲ့စည်းပြီးတက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော တိုင်းဒေသကြီးဟာ အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းလျက်ရှိတဲ့အတွက် သက်ဝင်လှုပ်ရှားဆောင်ရွက်ရန် ကျွန်တော်တို့ တွန်းအားပေးဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးအချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ (ဌ) တို့နှင့်အညီ တရားဝင်ဆောင်ရွက်ပြီးစီးခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ နှင့် ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဌ)တို့၏ ပြဋ္ဌာန်းချက်တွင်ပါရှိတဲ့ ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟူသည်ကို တိကျရှင်းလင်းစွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန်အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများပြန်လည်သတိရစေရန် တင်ပြရပါလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟုပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဌ)တွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်များအား အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးပါရန် အဆိုတင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆိုနှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အမြန်ပေါ်ပေါက်ရေးရယ်ပေါ်ပေါက်လာတဲ့အခါမှာ ဦးဝင်းမြင့်ရဲ့ အဆိုပေါ်မူတည်ပြီးတော့အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်လို့ လွှတ်တော်က ဆုံးဖြတ်ခဲ့ပါတယ်။ ထို့နောက်ပိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက်ဖြင့် ပေါ်ပေါက်လာပါတယ်။ ဂျာနယ်များမှာလည်း ပါတီရဲ့ဥက္ကဋ္ဌကို သူရဦးရွှေမန်းလို့ဖော်ပြရေးသားကြပါတယ်။ ပါတီရဲ့ ဗဟိုအတိုင်ပင်ခံတစ်ဦးကတော့ ဇွန်လ ၂၉ ရက်နေ့ထုတ် မြန်မာသံတော်ဆင့် အတွဲ-၂ အမှတ်(၁၆)မှာ လုပ်ငန်းအနေနဲ့ ခြေခြေမြစ်မြစ်လုပ်တာကတော့ လက်ရှိတာဝန်ပေးထားတဲ့ ဥက္ကဋ္ဌလုပ်ရမှာပေါ့။ တကယ့် ဥက္ကဋ္ဌနှင့်ခေါင်းဆောင်ကတော့ လောလောဆယ်ကတော့ သမ္မတပါပဲ။ ဒီရာထူးပါပဲ။ ပါတီ

အကြီးအကဲပါပဲလို့ ဖြေကြားထားပါတယ်။ နဂိုကတည်းက မျက်စိသူငယ်၊ နားသူငယ်ဖြစ်နေကြတဲ့ ကျွန်တော်တို့ ပြည်သူတွေမှာ မျက်စိလည်ကြရပါတယ်။ ဒါ့အပြင် ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဆင့်မှာရှိနေကြတဲ့ ပြည်ထောင်စုဝန်ကြီး ၆ ဦးခန့်ရဲ့အနေအထားကိုလည်း ဘာတစ်ခုမှကြားသိရခြင်းမရှိပါ။ ဒီကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ပေါ်ပေါက်ပြီးဖြစ်သော်လည်း တစ်စုံတစ်ရာတရားဝင်ဖြေကြားခြင်းမရှိသေးပါ။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ကတည်းက နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးအချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဠ)တို့နှင့်အညီ တရားဝင်ဆောင်ရွက်ပေးခြင်း ရှိ/မရှိ မေးခွန်းကိုတင်သွင်းခဲ့ပါတယ်။ ဒီမေးခွန်းကို ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သက်ဆိုင်ရာပုဒ်မများနှင့်အညီလိုက်နာဆောင်ရွက်လျက်ရှိပါသဖြင့် တရားဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ နည်းဥပဒေခွဲ(ဃ) အရ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ကျွန်တော့်ကို ဆက်လက်မေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ခုနက ဖြေတဲ့အဖြေဟာ လိုက်နာဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်ဆိုတာ တိကျရှင်းလင်းတဲ့အဖြေကိုပဲ ကျွန်တော်တို့ကြားချင်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော်လည်း အဖက်ဖက်က လေ့လာကြည့်ပါတယ်။ မေးခွန်းကိုယ်တိုင်၊ ကျွန်တော်ကိုယ်တိုင် ကျွန်တော်ပဲ တွေဝေသလား။ အတွေးချော်သလားတော့မသိဘူး။ ကျွန်တော်မေးခွန်းကို သိပ်သဘောမ

ပေါက်ပါဘူး။ တရားဝင်ဆောင်ရွက်ထားခြင်းရှိ/မရှိဆိုတာ တရားဝင်ဆောင်ရွက်ရန် ဘယ်လိုလုပ်ဖို့ရှိပါသလဲ။ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ ဒီပုဒ်မ ၆၄ မှာလည်း အင်္ဂလိပ်လိုပါတာကတော့ They shall not take part in its party activities during their term of office from the day of their election လို့ပဲပါပါတယ်။ ကျွန်တော်နားလည်တာကတော့ Activity ဆိုတာပဲပါပါတယ်။ Activity ကိုပဲ ကျွန်တော် Dictionary လှန်ကြည့်တဲ့အခါမှာ လှုပ်ရှားဆောင်ရွက်မှုလို့ပဲပါပါတယ်။ အဲဒီတော့ ကျွန်တော်တို့သဘောပေါက်တာကတော့ Activity ကိုဘယ်သူမှ ဝင်ရောက်ဆောင်ရွက်ခြင်း မရှိပါဘူး။ Activity နဲ့ပတ်သက်လို့ ကျွန်တော်နားလည်တာကလဲ။ ပါတီစည်းရုံးရေးလုပ်ငန်းတွေ ကျွန်တော်တို့ ဝင်ရောက်လုပ်တာမတွေ့ရပါဘူး။ ကျွန်တော်တို့ Responsibility တာဝန်ပိုင်းအရ Post ယူထားတာရှိပါတယ်။ Rank ကအရ ယူထားတာရှိပါတယ်။ ဒီထဲမှာ Retire ဆိုတဲ့ ဥစ္စာမျိုးလည်းမပါ ပါဘူး။ Resign လို့လည်းမပါဘူး။ Resignation လို့လည်းမပါတဲ့အတွက် ဒီဥစ္စာဟာ ကျွန်တော်တို့ လက်ရှိဆောင်ရွက်တဲ့အတိုင်း တရားဝင်ဆောင်ရွက်နေခြင်းပဲဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ ဒီလောက်ပါပဲ။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ကျွန်တော်ကို ဆက်လက်ပြီးတော့ မေးခွင့်ပြုပါခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၂ မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်လို့ အတိအကျပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ မြန်မာစာဖြင့်ရေးသားချက်များအပေါ်မှာပဲ အများပြည်သူလူထုနားလည်တဲ့အတိုင်း အဓိပ္ပာယ်ဖွင့်ရမှာဖြစ်ပါတယ်။ အင်္ဂလိပ်လိုအဓိပ္ပာယ်ဖွင့်ရမှာမဟုတ်တဲ့အတွက် ဒီမြန်မာစာဖြင့်အဓိပ္ပာယ်ဖွင့်ဆိုတဲ့အပေါ်မှာပဲ တိကျရှင်းလင်းတဲ့အဖြေကို ကျွန်တော်တို့ မေးခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ကျွန်တော်တို့ ပါတီလုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ ဒီပုဒ်မ ၆၄ မှာလည်း ဒီလိုဆိုပါတယ်။ ၂၃၂ ပုဒ်မခွဲ(ဠ)မှာလည်း ပါတီ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ဆိုပါတယ်။ ပါတီလုပ်ငန်းဆောင်ရွက်ခြင်းမရှိကြောင်းကျွန်တော်တို့တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ ဆောင်ရွက်ခြင်းမရှိပေမယ့် ခုနက အဓိပ္ပာယ်မှာထွင်ပြောသွားပါတယ်။ ခြွင်းချက်နဲ့ပြောပါတယ်။ ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ အဓိပ္ပာယ်ကဆိုထားတာပါ။ အခု

ဖြေသွားတာက ဆောင်ရွက်ခြင်းမပြုတာပဲပြောပါတယ်။ ပါဝင်တာကထင်ရှားပါတယ်။ ဝန်ခံပြီးသား လည်းဖြစ်ပါတယ်။ ဒါဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီ/မညီ သိလိုပါတယ်ခင်ဗျား။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ နဲ့ရော ၂၃၂ ပုဒ်မခွဲ(ဠ) နဲ့ပါ ညီပါကြောင်းဖြေကြားအပ်ပါတယ်။

**ရွာတန်းလယ်သာမှ စည်းခုံ၊ ရင်ဂါတ်ကုန်းကျေးရွာမှ ကျောက်ဖူးလမ်းတို့အား ဂျင်းခင်းလမ်းအဖြစ်လည်းကောင်း၊ ကျောက်ဖူး- အင်တောလေးရွာအထိ မြေသားလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နောက်မေးခွန်းတစ်ခု ဆက်ပြီးတော့ ကူးမေးခိုင်းပါမယ်။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောက်လုပ်ပေးထားသောလမ်းများအား အဆင့်တိုးမြှင့်ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ်အစမှာ နယ်စပ်စည်ပင်ဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရမည်းသင်းမြို့နယ် ရွာတန်းလယ်သာကျေးရွာကနေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စည်းခုံကျေးရွာထိ ၁၄ မိုင်ကျော်ကို မြေသားလမ်းဖောက်လုပ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူများအနေနဲ့ အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက် ရှိနေကြပါတယ်။ ယခင်က ဒီလမ်းမဖောက်လုပ်ခင်က ရမည်းသင်းမြို့နယ်အနောက်ပိုင်းမှာရှိတဲ့ ဆပ်တောကြီး၊ ရင်ဂါတ်ကုန်း၊ လွှစင်၊ ဆည်ကန်၊ ကန်ဦး၊ သစ်ဆုံကြီး၊ တောင်ကန်ကြီး၊ အနောက်ကွေးကုန်း၊ ဟိုကုန်းကျေးရွာအစရှိတဲ့ ပြည်သူများဟာ ရမည်းသင်းမြို့ကိုလာမယ်ဆိုရင် ပျော်ဘွယ်မြို့နယ်၊ နတ်မောက်လမ်းကတစ်ဆင့် ပျော်ဘွယ်မြို့ကို ဖြတ်သန်းပြီးမှ လာရတာဖြစ်တဲ့အတွက် နေ့ချင်းပြန်မလာရောက်နိုင်ဘဲ ညအိပ်ခရီးဖြစ်ပါတယ်။ ရွာတန်းလယ်သာလမ်းက စည်းခုံလမ်းဖောက်လုပ်ပေးခဲ့တာကြောင့် ဒီမြေသားလမ်းက ကျေးရွာအုပ်စု

၉ အုပ်စုနေပြည်သူများရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအားလုံးဟာ အထောက်အကူရရှိစေခဲ့ပါတယ်။ ဒီနေ့အကောင်အထည်ဖော်နေတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုလည်းထိထိရောက်ရောက်အထောက်အကူပြုစေတာ တွေ့ရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့အစီအစဉ်နဲ့ ရင်ဂါတ်ကုန်းမှကျောက်ဖူးအထိ ၇ မိုင် မြေသားလမ်းဖောက်လုပ်ပေးခြင်းဟာလည်း ဒေသရဲ့လိုအပ်ချက်နဲ့ကိုက်ညီပြီး အကျိုးကျေးဇူးများတာကိုတွေ့ရပါတယ်။ ဒါပေမယ့် ရင်ဂါတ်ကုန်းကျေးရွာမှ ကျောက်ဖူးကျေးရွာအထိ မြေသားလမ်းပေါ်မှာရှိတဲ့ ရေကျော်ချောင်းများအတွက် တံတားများအား ဆောက်လုပ်ရာမှာမပါဝင်တဲ့အတွက် မိုးတွင်းအခါမှာသွားလာရန်မလွယ်ကူကြောင်း၊ အခက်အခဲရှိကြောင်း တင်ပြခဲ့ကြပါတယ်။ အချိန်မီလိုအပ်တဲ့တံတားများမဆောက်နိုင်ရင် လက်ရှိဖောက်ပြီးသား မြေသားလမ်းပျက်စီးနိုင်ကြောင်း ကွင်းဆင်းလေ့လာချက်များအရ တွေ့ရှိရပါတယ်။ ဖောက်လုပ်ထားတဲ့ မြေသားလမ်းက ၇ မိုင်ကျော်ရှိပြီး အင်တောလေးရွာအထိ နောက်ထပ် ၆ မိုင်ဖောက်လုပ်ပေးမှသာလျှင် ပိုအဆင်ပြေမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော် အထက်မှာတင်ပြခဲ့တဲ့ ရွာတန်းလယ်သာ စည်းခုံလမ်း ၁၄ မိုင်ကျော်ဟာ ရမည်းသင်းမြို့နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်လို့ ရမည်းသင်းမြို့နယ်ဆက်စပ်ကျေးရွာ ၉ အုပ်စုရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူဖြစ်စေတာ တွေ့ရသလို ရင်ဂါတ်ကုန်းကျေးရွာမှ ကျောက်ဖူးကျေးရွာအထိ မြေသား ၇ မိုင်ကျော်ဟာလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အလွန်ကျေးဇူးများတဲ့ ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဖော်ပြခဲ့တဲ့လမ်းများကို ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရန် အခက်အခဲရှိနေပါတယ်။ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ထိန်းသိမ်းရရှိတဲ့ရန်ပုံငွေဟာ သိန်း ၄၀၀၀ ကျော်သာရှိပြီး ကျေးလက်ဖွံ့ဖြိုးရေးအတွက် ၃၀ ရာခိုင်နှုန်းသာသုံးစွဲခွင့်ရတဲ့အတွက် သိန်း ၁၂၀၀ ကျော်သာသုံးစွဲနိုင်တာတွေ့ရပါတယ်။ ဒါ့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကနေ၍ (က) ရမည်းသင်းမြို့နယ် ရွာတန်းလယ်သာမှ ရန်ကုန်-မန္တလေးအမြန်လမ်း စည်းခုံအထိ ၁၄ မိုင်ကျော်လမ်းအား ဂျင်းခင်းလမ်း အဖြစ်လည်းကောင်း၊ (ခ) ရင်ဂါတ်ကုန်းကျေးရွာမှ ကျောက်ဖူးလမ်းအထိ ၇ မိုင်ကျော် မြေသားလမ်းပေါ်ရှိ ရေကျော်တံတားများ ဆောက်လုပ်ပေးပြီး နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားလာနိုင်သည့် ဂျင်းခင်းလမ်းအဖြစ် ဆောင်ရွက်

ပေးရန်နှင့် ဆက်လက်ဖောက်လုပ်ရန်ရှိသော ကျောက်ဖူး-အင်တောလေးရွာအထိ ၆ မိုင်မြေသားလမ်း အားဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ရိုသေလေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ကျွန်တော်အခုဖြေကြားမယ့်မေးခွန်းနဲ့ပတ်သက်လို့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဦးဘိုနီရဲ့မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ရွာတန်းလယ်သာမှ ရန်ကုန်-မန္တလေးအမြန်လမ်း စည်းခုံကျေးရွာအထိ လမ်းအရှည် ၁၄ မိုင်နဲ့ ၀ ဖာလုံရှိပါတယ်။ မြေသားလမ်းဖောက်လုပ်ခြင်း၊ ဂျင်းခင်းခြင်းနှင့် ရေပြွန် ၁၉ ခု၊ ရေကျော် ၁ ခု တည်ဆောက်ခြင်းများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်း ရေပြွန် ၄ ခုကို ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ယခုဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေနဲ့ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

တင်ပြပါ ရင်ဂါတ်ကုန်းကျေးရွာမှ ကျောက်ဖူးကျေးရွာဆက်သွယ်ထားသော ရင်ဂါတ်ကုန်း-ဆူးရဲတောင်-ကျောက်ဖူးလမ်းအရှည်ဟာ ၇ မိုင်နဲ့ ၁ ဖာလုံရှိပါတယ်။ အဲ့ဒါ မြေသားလမ်းဖောက်လုပ်ဖို့ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေနဲ့ ဆောင်ရွက်ပေးပြီးလည်း ဖြစ်ပါတယ်။ အဆိုပါလမ်းကို ရာသီမရွေးသွားလာနိုင်ဖို့အတွက် အမာခံလမ်းခင်းဖို့ ၇ မိုင်နဲ့ ၁ ဖာလုံ၊ ၄၅ မိုင်ရှည်တဲ့ ရာသီမရွေးသွားလာနိုင်တဲ့ သစ်သားတံတား ၃ စင်း၊ ရေပြွန် ၅ စင်းနှင့်

Box Culvert ၇ စင်း ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ ခန့်မှန်းကုန်ကျငွေ ကျပ် ၂၃၉.၁၆ သန်းရှိပါတယ်။ ကျောက်ဖူးကျေးရွာကနေပြီးတော့ အင်တောကျေးရွာကို ဆက်သွယ်ထားတဲ့ ကျောက်ဖူး-အင်တောကြီး-အင်တောလေး ကျေးရွာချင်းဆက်လမ်းကလည်း စုစုပေါင်းမိုင်အရှည်အားဖြင့် ၆ မိုင်ခန့်ရှိပါတယ်။ မြေသားလမ်းဖောက်လုပ်ဖို့အတွက် ခန့်မှန်းကုန်ကျငွေကတော့ ၆၁.၄၄ သန်း ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းသော ကျေးလက်လမ်း ၃ လမ်းနှင့် ပတ်သက်ပြီးတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေလျာထားရေးဆွဲထားခြင်းမှာ ပါရှိခြင်းမရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ကလေးမြို့နယ်အတွင်းရှိကျေးရွာများမှ လမ်းများအား ကိုယ့်အားကိုယ်ကိုးမြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်လမ်းတံတားနဲ့သန့်ရှင်းသောသောက်သုံးရေရရှိရေးကိစ္စကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်ဟာ ဗမာနဲ့ချင်းတိုင်းရင်းသားများ ထက်ဝက်ခန့်စီ အတူတကွနေထိုင်ကြတဲ့ မြို့နယ်တစ်ခုဖြစ်ပြီးတော့မှ လူဦးရေအားဖြင့် ၃ သိန်းကျော်ခန့်ရှိပါတယ်။ ရပ်ကွက်/ ကျေးရွာပေါင်း ၁၆၂ ရွာ ရှိပြီးတော့ ဒီကျေးလက်ဒေသများကို ယခင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ယခု မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တစ်နှစ်ထက်တစ်နှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးနေတဲ့အတွက် ပြည်သူများကကျေးဇူးတင်ရှိပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါလုပ်ငန်းများဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်။

(က) ကျေးလက်လမ်းများနှင့် ပတ်သက်ပြီး ဒေသတွင်းကျေးရွာများ ဆက်သွယ်သွားလာမှု လွယ်ကူစေရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးအတွက် အရေးကြီးပါသဖြင့် (၁) လမ်းပန်းဆက်သွယ်ရေးခက်ခဲနေတဲ့ ရေရှင်ကျေးရွာနှင့် ကြံ့သာကျေးရွာ ၃ မိုင် ၁ ဖာလုံ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးပါရန်၊ (၂) ပေါက်တောကျေးရွာနှင့် အင်းဒင်ကျေးရွာ ၂ မိုင်ကို ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးပါရန်၊ (၃) တင်သားကျေးရွာမှ ကုက္ကိုကျေးရွာ ၃ မိုင်ကို ကိုယ့်အားကိုယ်ကိုးမြေသားလမ်းမှ ကျောက်ချော လမ်းခင်းပေးပါရန်၊ (၄) ကလေး-တမူးလမ်းမှ ကံကြီးကျေးရွာသို့သွားတဲ့ ၁ မိုင် ၅ ဖာလုံကို ကိုယ့်အား ကိုယ်ကိုးမြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးပါရန်၊ (၅) ကလေး-တမူးလမ်းမှ မော်လိုက် ကလေး(တောင်) ရွာ ၂ မိုင်ကို ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှ ကျောက်ချောလမ်းခင်းပေးပါရန်၊

(ခ) သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် အောက်ပါရေရှားပါးခက်ခဲသော ကျေးရွာ များရေရရှိရေးနှင့်ပတ်သက်၍ (၁) ကံကြီးကျေးရွာအုပ်စု၊ ကန်သာယာကျေးရွာ စိမ့်စမ်းရေသွယ် ဆောင်ရွက်ပေးရန်လိုအပ်မှု၊ (၂) စခန်းကြီးအုပ်စု၊ လမ်းဗဟိုကျေးရွာ လက်နှိပ်တုံကင်တွင်းများလိုအပ် နေမှုရှိကြောင်း ပြည်သူများက တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါကျေးရွာများအတွက် လမ်းတံတားနှင့်သန့်ရှင်းသောသောက်သုံးရေရရှိရေးကို၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ တွင်ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ သို့မဟုတ် မည်သည့်ဘဏ္ဍာနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာမေးမြန်းအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း မေတ္တာပို့ရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်လို့ လမ်းပိုင်းနဲ့ပတ်သက်ပြီးတော့ ဖြေကြား

ပေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ရေရှင်-ကြံ့သာလမ်းဟာ အရှည်အားဖြင့် ၃မိုင် ၄ ဖာလုံ ရှိပါတယ်။ မြေသားလမ်းဖြစ်ပြီးတော့ ကျောက်ချောလမ်းခင်းရန်အတွက်တော့ ကုန်ကျစရိတ်ကို ခန့်မှန်းကြည့်တဲ့အခါမှာ ၁၀၆.၈၉ သန်းဖြစ်ပါတယ်။ နောက်ဒုတိယလမ်းဖြစ်တဲ့ ပေါက်တော-အင်းဒင်လမ်းဟာလည်း အရှည်အားဖြင့် ၂ မိုင်ရှိပြီးတော့ မြေသားလမ်းဖြစ်ပါတယ်။ ဒါကိုကျောက်ချောခင်းရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ကတော့ ၆၁.၀၈ သန်းဖြစ်ပါတယ်။ တတိယလမ်းဖြစ်တဲ့ တင်သား-ကုက္ကိုလမ်းကတော့ အရှည် ၃ မိုင်ရှိပါတယ်။ မြေသားလမ်းဖြစ်ပါတယ်။ ကျောက်ချောခင်းရန်အတွက် ကုန်ကျစရိတ်ကတော့ ၉၁.၆၂ သန်းဖြစ်ပါတယ်။ စတုတ္ထလမ်းကတော့ ကလေး-တမူးလမ်းမှ ကံကြီးကျေးရွာကိုသွားတဲ့လမ်း ဖြစ်ပါတယ်။ အရှည်အားဖြင့် ၁ မိုင်နဲ့ ၄ ဖာလုံရှိပါတယ်။ မြေသားလမ်းဖြစ်ပြီးတော့ ကျောက်ချောခင်းရန် အတွက် ၄၅.၈၁ သန်းကုန်ကျမှာ ဖြစ်ပါတယ်။ ပဉ္စမလမ်းကတော့ ကလေး- တမူးလမ်းကနေပြီးတော့ မော်လိုက်ကလေး (တောင်) ရွာကိုသွားတဲ့ အရှည် ၂ မိုင်ရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အဲ့ဒါကို ကျောက်ချောခင်းမယ်ဆိုရင် ကျွန်တော်တို့ ၆၁.၀၈ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။

ကျွန်တော်တို့ကလေးမြို့နယ်အတွင်းမှာ ပြီးခဲ့တဲ့၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ မူလခွင့်ပြုငွေ ၂၇၃.၀၄ သန်း နဲ့ အူဒူ- ပေါက်တော- ရှားတော- ကုက္ကိုင်း- ရေရှင်- မန္တာလမ်း မြေသားလမ်း ၈ မိုင်နှင့် သာယာဝတီ- စက္ကန့်လမ်း ကျောက်ချောလမ်း ၅ မိုင်နှင့် ၅ ဖာလုံခွဲ၊ ရေပြွန်ပေ ၆၀ တို့ ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ မှာ ဒီနှစ်မှာခွင့်ပြုထားပြီး ဖြစ်ပါတယ်။ တင်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ လမ်း ၅ လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်ဘတ်ဂျက်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ ဘဏ္ဍာငွေလျာထား ရေးဆွဲထားခြင်း မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**မန္တလေးဆေးတက္ကသိုလ်အား ဂါဒီယန်းစနစ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့



မူကြမ်း

မန္တလေးဆေးတက္ကသိုလ်နှင့်သက်ဆိုင်သော မေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဆေးတက္ကသိုလ်သည် ပထမနှစ်ဆေးကျောင်းသားကျောင်းသူ ၅၀၀ ကျော်အား စာသင်ခန်း နှစ်ခန်း၊ ဒုတိယနှစ်ကျောင်းသားကျောင်းသူ ၇၆၈ ဦးခန့်အား စာသင်ခန်း နှစ်ခန်း၊ တတိယ နှစ်ကျောင်းသားကျောင်းသူ ၄၆၀ ဦးခန့်အား စာသင်ခန်း နှစ်ခန်း၊ စတုတ္ထနှစ်အပိုင်း(က) ကျောင်းသား ကျောင်းသူ ၄၂၀ ခန့်အား စာသင်ခန်း နှစ် ခန်းတို့ဖြင့် ဆေးပညာရပ်များအား သင်ကြားပို့ချလျက်ရှိရာ ဆေးကျောင်းသားကျောင်းသူများမှာ ကျောင်းသားဦးရေ၊ ဆရာဆရာမအချိုး၊ စာသင်ခန်းနည်းပါးမှုများကြောင့် ပညာသင်ကြားရာတွင် အခက်အခဲများဖြင့်ကြုံတွေ့လာခဲ့ရာ ဘာသာရပ်ပြဆရာဆရာမများထံတွင် ကျူရှင်ထပ်မံတက်ခဲ့ကြရ၍ အချိန်ကုန်ငွေပမ်းဖြင့် ဆေးပညာအား သင်ယူလျက်ရှိနေကြပါတယ်။ ဒါ့အပြင် ဆရာတစ်ဦးလျှင် ကျောင်းသား ၂၀ ဦးနှုန်းနှင့် Guardian စနစ်ဖြင့် ထိန်းကျောင်း ဆောင်ရွက်ခြင်းသည်လည်း မူရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအားနည်းနေကြောင်း ကြားသိနေရပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာတွင် နိုင်ငံတကာအဆင့်မီကျောင်းသားနှင့်စာသင်ခန်းအချိုးမျှတရန်နှင့် Guardian စနစ် အမှန်တကယ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ တို့ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်မအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ မေးခွန်းအား ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ဆေးသိပ္ပံပညာဦးစီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်များသို့ ၂၀၀၁ ခုနှစ်မှစ၍ နှစ်စဉ်ကျောင်းသားကျောင်းသူစုစုပေါင်း ၂၄၀၀ ဦး လက်ခံခဲ့ရာ ဆေးတက္ကသိုလ် (မန္တလေး) သို့ နှစ်စဉ်ပျမ်းမျှကျောင်းသားကျောင်းသူ ၇၀၀ ဦးခန့် တက်ရောက်ပညာသင်ကြားခွင့်ရခဲ့ကြပါတယ်။ ဆေးတက္ကသိုလ် (မန္တလေး) မှာ ပထမနှစ်သင်တန်းမှ နောက်ဆုံးနှစ်အပိုင်း (က) သင်တန်းအထိ သင်တန်းလေးခုအတွက် သင်တန်းတစ်ခုလျှင် ကျောင်းသား ၂၅၀ ဆံ့

3-10-2013(Record)

စာသင်ခန်းနှစ်ခန်းစီဖြင့် သင်ကြားပေးလျက်ရှိပါတယ်။ ထိုသို့သင်ကြားရာတွင် ပထမနှစ်နှင့် ဒုတိယနှစ်ကျောင်းသားများအားလုံးအား စာသင်ခန်းအတွင်း၌ တစ်ပြိုင်တည်း စာသင်ခြင်းမျိုး မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်ရမည့်အုပ်စု၊ စာသင်ခန်းများတွင် စာသင်ရမည့်အုပ်စုဟူ၍ အုပ်စုများခွဲပြီး၊ နံနက်ပိုင်းနှင့်ညနေပိုင်းခွဲ၍ စာသင်ချိန်၊ လက်တွေ့လုပ်ဆောင်ချိန်စသည်ဖြင့် ကျောင်းသားများအား အချိုးကျခွဲထုတ်ပြီး ဘာသာရပ်အလိုက် အချိန်ဇယားများရေးဆွဲ၍ အလှည့်ကျသင်ကြားပေးလျက်ရှိပါတယ်။ တတိယနှစ်နှင့် နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားများအားလည်း သင်ကြားရေးဆေးရုံများသို့လက်တွေ့လုပ်ဆောင်စေသောအုပ်စု၊ ဒေသန္တရမြို့နယ်များသို့ ကွင်းဆင်းသွားစေသောအုပ်စု၊ စာသင်ခန်းတွင် စာသင်ကြားစေသောအုပ်စုဟူ၍အုပ်စုများခွဲပြီး နံနက်ပိုင်းနှင့်ညနေပိုင်းအလဲအလှယ်အပြန်အလှန်သင်ကြားပေးလျက်ရှိပါတယ်။

ထို့ပြင် ကျောင်းသားများ၏ စာသင်ကြားမှုအရည်အသွေး၊ ကျောင်းခေါ်ချိန်တို့ကို ကြီးကြပ်ရန်အတွက် အတန်းတစ်တန်း၌ရှိသော ကျောင်းသား၊ ဆရာအချိုးအလိုက် ဆရာဆရာမများအား Guardian များအဖြစ် ခန့်အပ်ပေးထားသော်လည်း လက်တွေ့တွင် Guardian များအနေဖြင့် သင်ကြားရေးတာဝန်များကြောင့် ကြီးကြပ်မှုအားနည်းလျက်ရှိပါတယ်။ ထိုသို့သင်ကြားရေးအတွက် အဆင်ပြေစေရန် ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကျောင်းသားများ၏အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရေးကိုဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိရာ ယင်းကိစ္စကို နဝမအကြိမ်မြောက်ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲမှာ တင်ပြဆွေးနွေးပြီး နှီးနှောဖလှယ်ပွဲမှ ဆေးတက္ကသိုလ်များသို့ဝင်ခွင့်ပြုဦးရေကိုလျှော့ချရန် ထောက်ခံအကြံပြုပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၁) သို့တင်ပြပြီး သဘောတူညီချက်အရ ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ အရည်အသွေးပိုမိုမြင့်မားရေးလုပ်ငန်းစဉ်ပါ ရေတိုလုပ်ငန်းအဖြစ် လက်ရှိ ၂၄၀၀ ဦးမှ ၁၂၀၀ ဦးသို့ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ စာသင်နှစ်မှ စတင်လျှော့ချခဲ့ရာ ဆေးတက္ကသိုလ်(မန္တလေး)သို့ ကျောင်းသားကျောင်းသူ ၃၇၉ ဦးသာဝင်ခွင့်ရရှိခဲ့ပါတယ်။

ထို့ကြောင့် ကျောင်းသား၊ ဆရာအချိုး၊ စာသင်ခန်းနည်းပါးမှုမှာ ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်လာစေခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဝင်ခွင့်ပြုကျောင်းသားဦးရေကို လျှော့ချလက်ခံထားပြီးဖြစ်ပါသဖြင့် မန္တလေးတိုင်းဒေသကြီးရှိ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသားကျောင်းသူများ ပညာသင်ကြားရာမှာ ယခင်ကထက် ကျောင်းသားနှင့် စာသင်ခန်းအချိုး၊ ကျောင်းသားနှင့် ဆရာအချိုး ပိုမိုမျှတကောင်းမွန်လာမည်ဖြစ်ပြီး၊ Guardian စနစ်ကိုလည်း ယခင်ကထက် ပိုမိုကောင်းမွန်ထိ

ရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားရန် တက္ကသိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းလေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ (ဃ)အရ တစ်ဆက်တစ်စပ်တည်း မေးခွန်းအား မေးမြန်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖြေကြားမှုမှာ ယခင်ကလည်းပဲအချိုးကျ ခွဲဝေထားတယ်လို့ ဖြေကြားသွားပါတယ်။ ဒီလိုဖြေကြားခြင်းအားဖြင့် ကျွန်တော်ရဲ့မေးခွန်းဟာ မှားသလိုလိုဖြစ်နေပါတယ်။ အမှန်တကယ် မြေပြင်မှာတကယ် ဒီလိုခွဲဝေပြီးတော့ကျင့်သုံးသလား။ မကျင့်သုံးဘူးလားဆိုတာကိုလည်းပဲ ဆန်းစစ်မှုရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဖြေကြားတဲ့ ဖြေကြားလွှာအချက်အလက်များအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ မေးခွန်းအား ထောက်ခံ၍ဖြေကြားခြင်းလို့ ကျွန်မယူဆပါတယ်။ ကျွန်မတို့အနေနဲ့ မြေပြင်မှာလည်း ဒီလိုအုပ်စုခွဲပြီးတော့မဖြစ်မနေဒီလိုဆောင်ရွက်ရခြင်းရှိပါတယ်။ လက်တွေ့သင်ရတဲ့အပိုင်း Remedial လို့ခေါ်တဲ့ ဆေးရုံကိုကွင်းဆင်းပြီးတော့ မသင်ရတဲ့အချိန်မှာလည်း ကျွန်မတို့မှာ လက်တွေ့လုပ်ငန်းများလုပ်ရတဲ့ အုပ်စုနဲ့ Lecture သင်ခန်းစာကိုတက်ရတဲ့အုပ်စု ဒါတွေဟာ ခွဲခြားပြီးတော့ ဆေးပညာလောကရဲ့ တစ်လျှောက်မှာ ကျွန်မတို့ ဒီတိုင်းပဲဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ဦးသိန်းထွန်းဦး တင်ပြခဲ့တဲ့ အတိုင်းပဲ Guardian များအဖြစ်တာဝန်ပေးတာဟာ ကျောင်းသားနဲ့ ဆရာအချိုးမညီမျှသေးတဲ့ အတွက် လတ်တလောအခြေအနေမှာ ကျွန်မတို့ အားနည်းလျက်ရှိတယ်ဆိုတာကိုလည်း ကျွန်မ ထောက်ခံခဲ့တယ်လို့ ကျွန်မယူဆပါတယ်။ ဒါ့ကြောင့်မို့လို့လည်း လက်တွေ့အားဖြင့်တော့ ပြည်သူသန်း ၆၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးဖို့အတွက် ကျွန်မတို့ ဆရာဝန်ဦးရေ ဒီ့ထက်မကပိုပြီးတော့ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့်လည်း ရေတိုလုပ်ငန်းအနေနဲ့ လတ်တလော ဆရာဦးရေနဲ့ နောက်ပြီးတော့ သင်တန်းသားဦးရေ၊ သင်ထောက်ကူပစ္စည်းများအားလုံးကို ပိုမိုတိုးတက်ကောင်းမွန်အောင်လို့ တိုးချဲ့နိုင်ဖို့ကြိုးစားဆောင်ရွက်နေတဲ့အချိန်အတောအတွင်းမှာတော့ ယာယီအားဖြင့် ရေတိုအနေနဲ့ ကျွန်မတို့သင်တန်းသားကို တစ်ဝက်ချပြီးတော့ လက်ခံပြီးတော့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ သတ်မှတ်ထားတဲ့ မူအတိုင်းဆောင်ရွက်နိုင်ဖို့လို့အတွက်လည်း ကျွန်မတို့ အချိန်နဲ့အမျှ

ညွှန်ကြားချက်များ၊ ကွင်းဆင်းဆောင်ရွက်မှုများနဲ့ လေ့လာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ခြေလက်အင်္ဂါချို့တဲ့သူများအား ခြေတုလက်တု တပ်ဆင်ပေးရန်နှင့် သင့်လျော်သည့် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဖန်တီးပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး ကောင်းကျိုးလိုရာ ဆန္ဒပြည့်ပါစေကြောင်း ဦးစွာ ပဏာမဂါရဝ ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က နိုင်ငံတော်အတွင်းမှာ အေးချမ်းသာယာမှုမရှိခဲ့တဲ့ဒေသများမှာရှိတဲ့ စစ်ဘေး၊ စစ်ဒဏ်ကြောင့် ခြေလက်အင်္ဂါ ပြတ်တောက်ချို့တဲ့ခဲ့ရသူများကို နိုင်ငံတော်အစိုးရကနေပြီးတော့ အကူအညီပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြခွင့်ပြုရန် ဦးစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အစိတ်အပိုင်းဒေသမှာ တစ်ချိန်က အေးချမ်းသာယာမှုမရှိခဲ့တဲ့အတွက် စစ်ဘေး၊ စစ်ဒဏ်ကြောင့် ဒေသခံပြည်သူတွေဟာ ခြေလက်အင်္ဂါပြတ်တောက်ချို့တဲ့ပြီးတော့ အဲ့ဒီမိသားစုတွေ ကာယကံရှင်တွေပါ အခက်အခဲအမျိုးမျိုးကို ယနေ့တိုင် တွေ့ကြုံခံစားနေရတဲ့ အခြေအနေရှိပါတယ်။ နိုင်ငံတော်ရဲ့ မအေးချမ်းတဲ့ ဒေသများနှင့်အတူ ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း အရှေ့ရိုးမတောင်ခြေနဲ့ တောင်ပေါ်ဒေသဖြစ်တဲ့ ကျောက်ကြီးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ထန်းတပင်မြို့နယ်က ဒေသခံပြည်သူတွေဟာ မြေမြှုပ်မိုင်းများရဲ့ဒဏ်ကို ပြင်းထန်စွာခံစားကြရပါတယ်။ အထူးသဖြင့် ကျောက်ကြီးမြို့နယ်ဟာမြေမြှုပ်မိုင်းဒဏ်အများဆုံးခံရတဲ့ ဒေသတစ်ခုဖြစ်ပြီး ခြေပြတ်လက်ပြတ်ကိုယ်လက်အင်္ဂါချို့တဲ့သူဦးရေဟာ အနည်းဆုံး ၃၃၀ ဦးမှ ၅၀၀ ဦးခန့် အထိရှိနေခဲ့ပါတယ်။ တစ်ဦးချင်းရဲ့ စာရင်းကိုလည်းပဲ လိုအပ်တဲ့အချက်အလက်များနဲ့အတူ ပြုစုထားရှိပါတယ်။ တချို့ဟာ ခြေထောက်နှစ်ဖက်လုံးပြတ်တဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ တချို့ဟာ တစ်ဖက်ပြတ်နေတဲ့ ပုဂ္ဂိုလ်တွေရှိပါတယ်။ တချို့ကိုယ်လက်အင်္ဂါ အမျိုးမျိုးချို့တဲ့သူတွေကို မှတ်တမ်းပြုစုထားရှိပါတယ်။ ကျွန်တော်တို့ ဒီမြို့နယ်တွေဟာ အသက်အန္တရာယ်ရှိမှန်းသိပါလျှက်နဲ့ စားဝတ်နေရေးချို့တဲ့တဲ့အတွက် တောင်ခြေဒေသတွေ၊ တောင်ပေါ်တောတွင်း၊ တောင်ယာလုပ်ငန်းတွေမှာ မျှစ်ချိုး၊ ဟင်းသီးဟင်းရွက်ရှာဖွေစားသောက်ရင်းနဲ့ မျှစ်တစ်ချောင်း

နဲ့ခြေထောက်တစ်ချောင်းကို လဲလှယ်စွန့်လွှတ်ခဲ့ရပါတယ်။ ဟင်းရွက်တစ်ညွှန့်၊ ဝါးတစ်လုံးနဲ့ ခြေထောက်နှစ်ချောင်းလုံးကို လဲလှယ်စွန့်လွှတ်ခဲ့ရတဲ့အဖြစ်ဆိုးတွေ မကြာခဏကြုံတွေ့ခဲ့ရပါတယ်။ ယခု Ceasefire ခေါ် အပစ်အခတ်ရပ်စဲပြီးတဲ့ နောက်ပိုင်းမှာလည်း မကြာမဏ မြေမြှုပ်မိုင်းဟောင်းတွေ ပေါက်ကွဲမှုကြောင့်မို့လို့ နေရာ၌ပင်သေဆုံးခြင်း၊ ခြေလက်အင်္ဂါပြတ်တောက်ခြင်းများကိုလည်း ရင်နင့်ဖွယ်ရာကြုံတွေ့နေရပြီး မိသားစုများပါ စားဝတ်နေရေး၊ လူမှုရေး၊ ပဋိပက္ခရောက်နေရပါတယ်။ ကျောက်ကြီးမြို့နယ်အတွင်းမှာရှိတဲ့ မြောင်ဦးဆိုတဲ့ရွာကလေးဟာ အိမ်ခြေ ၆၀ ပဲရှိပါတယ်။ ဒီရွာလေးဟာ တောတွင်းတောင်ခြေရဲ့လုပ်ငန်းတွေကို ဥယျာဉ်လုပ်ငန်းတွေထက် တောတွင်းတောင်ခြေလုပ်ငန်းတွေကို လုပ်ကိုင်စားသောက်ကြရရှာပါတယ်။ ဒီအိမ်ခြေ ၆၀ အနက်မှာ လူ ၃၀ ဟာ ခြေထောက်ပြတ်နေကြတဲ့လူများဖြစ်ပါတယ်။ ဒါ့ကြောင့် အလွန်လည်းပဲ သနားကြင်နာဖွယ်ရာဖြစ်ပါတယ်။ တချို့ဟာဆိုလို့ရှိရင် အိမ်တစ်အိမ်မှာ ဇနီးမောင်နှံနှစ်ယောက်ပေါင်းပါမှ ခြေထောက်တစ်ချောင်းပဲ ကျန်နေခဲ့ပါတယ်။ ၎င်းတို့ရဲ့ မိသားစုဝင်ကလေးသူငယ်များဟာ တွေ့ရတာကတော့ အထူးပင်သနားဂရုဏာတက်ဖွယ်ရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီဖြစ်တဲ့ ICRC နဲ့ မြန်မာနိုင်ငံကိုယ်လက်အင်္ဂါ မသန်းစွမ်းသူများအသင်း (MPHC) စတဲ့အဖွဲ့အစည်းများဟာ ရရှိတဲ့အလှူငွေတွေ၊ ရန်ပုံငွေတွေပေါ် မူတည်ပြီးတော့မှ ခြေတုလက်တုများကို လာရောက်ပြီးတပ်ဆင်သော်လည်းပဲ ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဒီထဲမှာ ကျောက်ကြီးမြို့နယ်နဲ့ နောက်ထပ် ၃ မြို့နယ်မှာ အခြေကျနေထိုင်ကြတဲ့ဒေသခံတွေနဲ့ အခြေချပြီးတော့နေထိုင်ကြတဲ့ ပြည်သူတွေနဲ့အတူ တပ်မတော်သားဟောင်းများ၊ အငြိမ်းစားများလည်းပဲ တချို့တဝက်ပါဝင်ကြပါတယ်။ ဒါ့ကြောင့်မို့လို့ ခြေတုလက်တုတပ်ဆင်တဲ့နေရာမှာ Cosmetic ဆိုတဲ့အလှအပမျိုးမဟုတ်ဘဲနဲ့ Functional ခေါ်တဲ့ သာမန်လူတွေလိုလုပ်ကိုင်စားသောက် လှုပ်ရှားသွားလာနိုင်တဲ့အခြေအနေမျိုးကိုလည်းပဲရရှိဖို့ အထူးလိုအပ်ပါတယ်။ အခုအခါမှ ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (က)နဲ့ (ခ)မှာ မသန်စွမ်းသူများအား နိုင်ငံတော်မှ ကြည့်ရှုစောင့်ရှောက်ရန်ဆိုပြီးတော့ ပြဋ္ဌာန်းပါရှိတာနဲ့အညီ ကျွန်တော်တို့ မသန်စွမ်းသူတွေကို ကူညီပေးရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်းနိုင်ရန်လည်းပဲ ကြိုးပမ်းဖို့လိုအပ်နေတဲ့အချိန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်း(က) ကျောက်ကြီးမြို့နယ်နဲ့ အခြားသောစစ်ဘေးဒဏ်ခံခဲ့ရသည့်ဒေသများရှိ ခြေလက်အင်္ဂါပြတ်တောက်ချို့တဲ့ရသူများအား အထူးအစီအစဉ်ဖြင့် ထိရောက်သော ခြေတုလက်တုတပ်ဆင်

လေ့ကျင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ မေးခွန်း (ခ) အနေနဲ့တော့ ခြေလက်အင်္ဂါချို့တဲ့သူများအား သာမန်လူများကဲ့သို့ မိသားစုနှင့် အသက်မွေးဝမ်းကြောင်းပြုနိုင်ရန် လက်မှုလုပ်ငန်းများ၊ အခြားသင့်လျော်မှုလုပ်ငန်းများတွင် လေ့ကျင့်သင်ကြား၍ အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဖန်တီးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ရိုသေစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်မအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း၏ မေးခွန်းနဲ့ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနသည် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသော ခြေလက်အင်္ဂါချို့ယွင်းသူများအား ရန်ကုန်မြို့၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် ခြေတုလက်တုများ အခမဲ့တပ်ဆင်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သောဆေးဝါးများကိုလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ အဆိုပါဆေးရုံ၌ ခြေတုတပ်ဆင်ရန်လာရောက်သောလူနာများအတွက် တစ်လလျှင် ခြေတုအချောင်းရေ ၃၀ မှ ၅၀ အထိ အခမဲ့တပ်ဆင်ပေးလျက်ရှိပါတယ်။ လူနာများခြေတုတပ်ဆင်ရန် ဆေးရုံတက်ရောက်နေစဉ် ဆေးလူမှုဆက်ဆံရေးမှူးမှတစ်ဆင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Association Of Aid and Relief (Japan) တို့ဖြင့် ချိတ်ဆက်၍ ၎င်းတို့ဖွင့်လှစ်ထားသော အသက်မွေးဝမ်းကျောင်း ပညာရပ်များသင်တန်းများဖြစ်သည့် ဆံပင်ညှပ်သင်တန်းများ၊ အီလက်ထရောနစ်သင်တန်းများ၊ ကွန်ပျူတာသင်တန်းများ၊ စက်ချုပ်ပညာသင်တန်းများ အစရှိသဖြင့် Vocational Training များကိုလည်း သင်ယူနိုင်စေရန်အတွက် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီးအရှေ့ဘက်ရှိ မြို့နယ်များအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းလက်အောက်ရှိ ဘားအံမြို့၊ ခြေတုလက်တုဆိုင်ရာပြန်လည်သန်စွမ်းရေးဌာန၊ ကရင်ပြည်နယ်စီမံချက်ဝင်မြို့နယ်များတွင် ပါဝင်သဖြင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း (ICRC) အထောက်အပံ့ဖြင့် ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်၍ ခြေတုလက်တုများ တပ်ဆင်ပေးခြင်းအပြင်

ခရီးစရိတ်များ ထောက်ပံ့ပေးခြင်းကိုပါ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ဘားအံမြို့ရှိ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှဒေသအနှံ့ ခြေတုရရှိရေးအစီအစဉ်၏ ကွင်းဆင်းတာဝန်ခံများက ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့အထိ ကျောက်ကြီးမြို့နယ်အတွင်းရှိ ခြေလက်အင်္ဂါချို့ယွင်းသွားသူများအတွက် ခြေတုများတပ်ဆင်ပေးခြင်းလုပ်ငန်းများကို မြို့နယ် ကြက်ခြေနီအသင်းဝင်များနှင့်ပူးပေါင်း၍ နှစ်စဉ်အနည်းဆုံးနှစ်ကြိမ်မှ သုံးကြိမ်အထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ခြေတုလက်တုမတပ်ဆင်ရသေးသူများကို ရှာဖွေဖော်ထုတ်တပ်ဆင်ပေးခြင်း၊ တပ်ဆင်ပြီးသူများအနက် အသစ်ပြန်လည်လဲလှယ်ရန် လိုအပ်သူများအတွက် ပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း The Leprosy of Mission International (TLMI) အဖွဲ့၊ Letter Day Seint Charity (LDSC) နှင့် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်မစွမ်းအဖွဲ့အစည်းစသည့် ပြည်တွင်း၊ ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပုံမှန်ခြေတုတပ်ဆင်လှူဒါန်းရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ၃-၁၁-၂၀၁၂ ရက်နေ့တွင် ပဲခူးမြို့၊ မြို့တော်ခန်းမတွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်မစွမ်းသူများပူးပေါင်း၍ ခြေတုအချောင်းပေါင်း ၄၀ နှင့် ၃၀-၅-၂၀၁၃ ရက်နေ့တွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ခြေတုအချောင်းပေါင်း ၅၀ လှူဒါန်းနိုင်ခဲ့ပါတယ်။ နောင်နှစ်လည်း ဆက်လက်၍ ဤကဲ့သို့ ပုံမှန်နှင့် အထူးစီမံချက်လုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်ထားရှိလျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (ဩဘာသံများ)

## ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်က သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ စံပြဆေးရုံကြီးအား ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် ဤလွှတ်တော်မှ ပြည်ထောင်စုအစိုးရအဖွဲ့အားတိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က အဆိုတစ်ခုတင်သွင်းဖို့ တင်ပြထားပါတယ်။ ဒါကြောင့် ဦးသိန်းညွန့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်အခု တင်သွင်းမယ့် အဆိုကတော့ သဃ်န်းကျွန်းမြို့နယ်အတွင်းမှာရှိတဲ့ စံပြဆေးရုံကြီးကို ခုတင် ၃၀၀ ဆံ့ကနေ ခုတင် ၅၀၀ ဆံ့ ဆေးရုံ

ကြီးအဖြစ်တိုးမြှင့်ပေးဖို့ ဤလွှတ်တော်မှ ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော်တင်သွင်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအောက်ခြေမှာ ဘယ်လောက်ထိ သက်ဆိုင်နေသေးတယ်ဆိုတဲ့အချက်ကို ပေါ်လွင်စေချင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ လူအများစုကြီးဖြစ်တဲ့ ဆင်းရဲသူများအတွက် သက်သာမှုရဖို့ ပြည်ထောင်စုအစိုးရအနေနဲ့ ဆက်လက်ဆောင်ရွက်ရမယ့်တာဝန်ကိုလည်း ထောက်ပြချင်တဲ့အချက်လည်းပါပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်ပြီး ကျွန်တော် ဖြစ်စဉ်ကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ သဃ်န်းကျွန်းမှာရှိတဲ့ စံပြဆေးရုံကြီးဟာ လွန်ခဲ့တဲ့ ၁၉ နှစ် ၂၁-၅-၁၉၉၄ တုန်းက ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီတုန်းက ဆေးတက္ကသိုလ်နှင့် သင်ကြားရေးဆေးရုံအတွက် ခုတင် ၃၀၀ နဲ့ ဖွင့်လှစ်ခဲ့ပါတယ်။ ခုတင် ၃၀၀ သတ်မှတ်ခဲ့ပါတယ်။ ဒီနေ့အထိ အတွင်းလူနာများ ကျွန်တော်ကိုယ်တိုင်သွားခဲ့တဲ့ ၅-၉-၂၀၁၃ ရက်နေ့ထိ အတွင်းလူနာ ၅၂၇ ဦး တက်ရောက်ကုသနေတာ တွေ့ရပါတယ်။ အဲဒီအပြင် နေ့စဉ် ပြင်ပလူနာ ၂၅၀ ကျော်ရှိပြီးတော့ အတွင်းလူနာလည်း ၅၀၀ ကျော်ရှိပါတယ်။ ပြီးတော့ ဒီဆေးရုံကြီးရဲ့ ထူးခြားချက်ကတော့ နေ့စဉ် ကားတိုက်၊ ဆိုင်ကယ်တိုက်တဲ့ ပြီးတော့မတော်တဆထိခိုက်တဲ့လူဦးရေကလည်း ရာနဲ့ချီကုသပေးနေရတာကိုလည်း တွေ့ရပါတယ်။

လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စံပြဆေးရုံမှာ ဒီနေ့အထူးကုဌာနပေါင်း ၁၆ ခုရှိပါတယ်။ ဒီခွဲစိတ်အထူးကုတို့၊ ကလေးအထူးကုတို့အပါအဝင် ဒီဆေးရုံရဲ့ထူးခြားချက်ကတော့ ဆီးနဲ့ကျောက်ကပ်ကုသမှုဌာနပါရှိပါတယ်။ ခုတင် ၈၀၀ ရှိတဲ့ မြောက်ဥက္ကလာပဆေးရုံကြီးမှာ မရှိတဲ့ ကျောက်ကပ်ဆေးကြောပေးတာကို သဃ်န်းကျွန်းစံပြဆေးရုံကြီးတစ်ခုပဲ ဆောင်ရွက်ပေးနိုင်တာရှိပါတယ်။ အဲဒီအပြင် ဒီဆေးရုံကြီးရဲ့ ထူးခြားချက်တစ်ခုကတော့ ဒီနေ့ဆိုရင် ခေတ်မီစက်ကိရိယာကြီးများကို သုံးစွဲပြီးတော့ လူနာတွေကို ကုသပေးနိုင်တဲ့အဆင့်ရောက်နေပါတယ်။ ဒါပေမယ့် ဒုတိယမြင်ကွင်းကိုလည်းတင်ပြရရင် ကျွန်တော်တို့သွားရောက်ပြီးတော့ ပြည်သူတွေအနေနဲ့ သာမန်သွားတဲ့အချိန်မှာပဲ နေရာထိုင်ခင်းအခက်အခဲ အင်မတန်ကြီးပါတယ်။ ဝန်ထမ်းအခက်အခဲဆိုတာလည်း လူနာနဲ့မမျှအောင် ဖြစ်နေပါတယ်။ အထူးကုဆရာဝန်ကြီးများပင်လျှင် မိမိတို့ရောက်လာတဲ့လူနာနဲ့ မိမိတို့တာဝန်ထမ်းဆောင်မှု မမျှတတဲ့အခြေအနေတွေကို ကျွန်တော်တို့ ကိုယ်တိုင်မြင်တွေ့ခဲ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အပြောင်းအလဲရဲ့ ထူးခြားချက်တစ်ခုကိုဖော်ပြရရင် အရင်တုန်းက အားလုံးသိတဲ့အတိုင်းပါပဲ ကျွန်တော်တို့ကျန်းမာရေးစနစ်ကြီးဟာ ကျွန်တော်တို့ နိုင်ငံရေးစနစ်နဲ့ဆိုရင် ပျက်စီး

ယိုယွင်းခဲ့တဲ့အခြေအနေကို ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီတော့ ပြည်သူလူထုက ဆေးရုံတက်မယ်ဆိုရင် တစ်ဒေါ်လာခန့် သုံးနေရပါတယ်။ ဆေးဝါးအတွက်၊ အစားအသောက်အတွက်၊ နေရာထိုင်ခင်းအတွက်၊ ပတ်တီးအတွက် အကုန်လုံးလူထုက ကျခံခဲ့ရပါတယ်။ အဲဒီ့ဒဏ်ကြောင့် တစ်ဒေါ်လာကျော်ကျော်ခန့်ရတဲ့ သာမန်ဆင်းရဲသားတွေအတွက်ဆိုရင် ဒီဆေးရုံကုသမှုမသွားတော့ဘဲနဲ့ ဖြစ်တဲ့နည်းနဲ့ပဲ ဆေးဝါးတွေနဲ့ပဲကုသရင်း အသက်တိုတဲ့ဘဝကို ရောက်နေပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာလည်း မကြာခဏ ဆွေးနွေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ အခုတော့ ဘာပြောပြောပေါ့။ ကျွန်တော်တို့ လွှတ်တော်ကြီးပေါ်လာပြီးနောက်ပိုင်းမှာ ကျန်းမာရေးမြှင့်တင်မှုဆောင်ရွက်ပေးခဲ့တဲ့အတွက် အခုကျွန်တော်တို့ရဲ့ နိုင်ငံ့ဝင်ငွေ ၃၀၀ နှုန်းကျော်ကို သုံးနိုင်တဲ့အတွက် သယ်န်းကျွန်းဆေးရုံကြီးဆိုရင် အရင်တုန်းက သိန်း ၁၁၀၀ ပဲရှိတယ်။ အခုဆိုရင် သိန်း ၇၅၀၀ သုံးနိုင်ပြီ။ ကျွန်တော်တို့ သွားရောက်တဲ့အချိန်မှာ သိန်း ၅၀၀ ကျော်ကို ဆေးဝါး၊ ပတ်တီး၊ လူနာအတွက်ဆောင်ရွက်ပေးနိုင်တဲ့အတွက် အခုဆိုရင် အခမဲ့ကုသပေးရေး အစီအစဉ်ကို ဒီမိုကရေစီလမ်းကြောင်းပေါ် ဦးတည်လာသည်နှင့်အမျှ သာမန်ဆင်းရဲသူတွေအတွက် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်တဲ့ ရလဒ်တွေကိုလည်း မြင်တွေ့နေရပြီ ဖြစ်ပါတယ်။

အဲဒီ့အပြင် မြွေကိုက်တဲ့လူနာတွေ၊ ခွေးရူးကိုက်တဲ့လူနာတွေဆိုရင် အင်မတန်မှ စရိတ်ကြီးမားတဲ့အတွက် ဆေးဝါးကုသမှု မခံနိုင်ဘဲနဲ့ ဘဝကိုစွန့်လွှတ်ရတဲ့သူရှိပါတယ်။ အခုဆိုရင် သယ်န်းကျွန်းစံပြဆေးရုံကြီးမှာ နိုင်ငံတော်ဘတ်ဂျက်က သိန်း ၁၂၀၀ ကနေ သိန်း ၇၅၀၀ အထိတိုးပေးထားတဲ့အတွက် ခွေးရူးကိုက်တဲ့လူတွေအတွက် ဆေးဝါးတွေ၊ မြွေကိုက်တဲ့လူတွေရဲ့ ဆေးဝါးတွေအတွက် ဆောင်ရွက်ပေးနိုင်တဲ့အဆင့် ရောက်နေပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စံပြဆေးရုံ သယ်န်းကျွန်းနဲ့ပတ်သက်ပြီး ပြောနေတာတွေ၊ တင်ပြနေတာဟာ ဒီဆေးရုံမှာ ဆင်းရဲသားတွေအများစု ရန်ကုန်တိုင်းတင်မကဘူး၊ ရန်ကုန်အရှေ့ပိုင်းတင်မကဘူး။ အခုဆိုရင် ပဲခူးတိုင်းကလူနာတွေပါ လာရောက်ပြီးတော့ကုသနေရတဲ့ ဆေးရုံကြီး ဖြစ်ပါတယ်။ ဒီဆေးရုံကြီးရဲ့အခြေအနေဟာ လွန်ခဲ့တဲ့ ၁၉ နှစ်ကလည်း ခုတင် ၃၀၀၊ အခုပြောင်းလဲလာတဲ့အခြေအနေမှာလည်း ခုတင် ၃၀၀ ဆိုရင် ဘယ်လိုမှ နှစ်ပေါင်း ၂၀ မှာသဘာဝမကျတော့ဘူး။ ဒါကြောင့် ဒီဆေးရုံကြီးနဲ့ပတ်သက်ပြီးတော့ ခုတင် ၃၀၀ ကနေ ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ်ပြောင်းလဲပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယပိုင်းအနေနဲ့ ကျွန်တော်တို့ မူဝါဒကိုပြောမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၆၇ မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်

ထားသော ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူခွင့်ရှိ သည်လို့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒီအခြေခံဥပဒေပြဋ္ဌာန်းချက်အတိုင်း နိုင်ငံသားတွေ အတွက် ဒီအခြေခံဥပဒေအရပေးထားတဲ့ခံစားခွင့်တွေကို ရစေချင်တယ်။ နောက်တစ်ခု ကတော့ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ၃၀-၃-၂၀၁၁ မှာ နိုင်ငံတော်သမ္မတကြီးက မူဝါဒဆိုင်ရာမိန့်ခွန်း ပြောတဲ့အခါမှာ ဖော်ပြထားတဲ့ အပိုဒ်တစ်ပိုဒ်ကိုလည်း ကျွန်တော်ပြန်လည်ပြီးတော့ထောက်ပြလိုပါ တယ်။ ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း ပြီးခဲ့တဲ့ ၁၀ စုနှစ်အတွင်း တိုးချဲ့ဖွင့်လှစ်တဲ့ဆေးရုံကြီးများကို ကျန်းမာရေးဝန်ထမ်းများရဲ့ အရည်အသွေးမြင့်မားရေးကို အလေးထားလုပ်ဆောင်ရမှာဖြစ်ပါတယ် ဆိုပြီးတော့ သမ္မတကြီးကလမ်းညွှန်ခဲ့ပါတယ်။ ဒါ့ကြောင့် သင်္ဃန်းကျွန်းစံပြဆေးရုံဆိုတာ ကျွန်တော်တို့ သင်္ဃန်းကျွန်းမှာ ၁၉၉၀ ခုနှစ် ကျွန်တော်တို့ ရွေးကောက်ပွဲဝင်တဲ့အထိ အိပ်မက်မက်ရတဲ့အဆင့်ပဲရှိပါ တယ်။

အခုသင်္ဃန်းကျွန်း ကျိုက္ကဆံဘုရားရဲ့ သချိုင်းမှာ ဒီစံပြဆေးရုံကြီးကို လွန်ခဲ့တဲ့ ၁၉ နှစ်က ထူထောင်ပေးခဲ့တဲ့၊ တည်ထောင်ပေးခဲ့တဲ့၊ သူ့ခေတ်သူ့ကာလ တာဝန်ယူခဲ့ကြတဲ့ တပ်မတော်အစိုးရကို လည်း သင်္ဃန်းကျွန်းမြို့နယ်လူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးဇူးတင်ရှိကြောင်း ဒီလွှတ်တော် မှာ ကျွန်တော်ပြောကြားလိုပါတယ်။ တစ်ချိန်တည်းမှာပဲ အခုနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ရဲ့ ပြည်ထောင်စုအစိုးရကိုလည်း သင်္ဃန်းကျွန်းမှ စံပြဆေးရုံကြီးကို ခုတင် ၃၀၀ မှ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်ပေးဖို့ ပြည်ထောင်စုလွှတ်တော်ကတိုက်တွန်းကြောင်း အဆိုကိုတင်ပြရင်းနဲ့ သမ္မတကြီးအစိုးရကိုလည်း ဘယ်လိုဆောင်ရွက်ပေးပါမယ်ဆိုတဲ့ ကတိများ ရမယ်ဆိုတဲ့အတွက်ဆိုရင် တော့ ကျွန်တော်ကြိုတင်ကျေးဇူးတင်ကြောင်းပြောရင်းပဲ ကျွန်တော့်အဆိုကို နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုဟာ ပြည်သူ လူထုရဲ့ကျန်းမာရေးအတွက် အမှန်တကယ်လိုအပ်နေတဲ့ စီမံကိန်းဖြစ်တဲ့အတွက် ဒီအဆိုကို ရှမ်းပြည် နယ်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ကျွန်တော် ဦးဝင်းဆွေက လေးစားစွာထောက်ခံပါကြောင်း တင်ပြအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ အားလုံးရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှ ကျန်းမာရေး အသုံးစရိတ်များ ပိုမိုတိုးမြှင့်ရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူ့ဆေးရုံအသီးသီးတွင် ပြင်ပလူနာ အဖြစ်နဲ့ လာရောက်ပြသသူနဲ့ အတွင်းလူနာအဖြစ်တက်ရောက်သူဦးရေများပြားလာခြင်းကို မျက်မြင် တွေ့ရှိရပြီးဖြစ်သည့်အားလျော်စွာ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် စဉ်ဆက်မပြတ်လေ့လာသုံးသပ် လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးသည် ခုတင် ၃၀၀ ဆံ့ ဆေးရုံ အဖြစ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်း ၁၉၉၄ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ပြီး နှစ်အလိုက် ဆေးရုံတက်အတွင်းလူနာဦးရေ တိုးတက်လျက်ရှိနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ခွင့်ပြုဆေးရုံခုတင် အသုံးချမှုရာခိုင်နှုန်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၁၃၂ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်တွင် ၁၄၆.၄၄ ရာခိုင်နှုန်း နှင့် ၂၀၁၃ ခုနှစ် ဩဂုတ်လအထိ ၁၆၃.၄၄ ရာခိုင်နှုန်းအထိ တိုးတက်လာ ကြောင်းလည်းတွေ့ရှိရပါတယ်။ အဆိုပါတွေ့ရှိချက်များကိုအခြေခံ၍ သဃ်န်းကျွန်းစံပြဆေးရုံကြီးအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင် ၃၀၀ ဆံ့ဆေးရုံမှ ခုတင် ၅၀၀ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်နိုင် ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနသို့ တင်ပြတောင်းခံရန်လိုအပ်သော စီစဉ်မှုများ စီစဉ်ဆောင်ရွက် ထားရှိပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုမတင်စဉ်ကာလကတည်းက စီမံထားတယ်ဆိုတဲ့သဘောဖြစ်တယ်လို့ ယူဆ ပါတယ်။ ဒါ့ကြောင့် အဆိုရှင် ဦးသိန်းညွန့်ရဲ့သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုမတင်ခင်ကဘဲ စီမံဆောင်ရွက်ဆောင်ရွက်၊ ကျွန်တော့်အဆိုတင်ပြီးမှပဲ စီမံဆောင်ရွက် ဆောင်ရွက် ဆင်းရဲတဲ့လူထုအတွက် ၂၀၁၄-၂၀၁၅ မှာ ခုတင် ၃၀၀ ကနေ ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး ပေါ်ပေါက်လာမယ်ဆိုတာသိရတဲ့အတွက် ကျန်းမာရေးဒုတိယဝန်ကြီးအပါအဝင် ပြည်ထောင်စုအစိုးရ ကို တတိယအကြိမ် ကျေးဇူးတင်ကြောင်းပြောရင်းနဲ့ ကျွန်တော့်အဆိုကို ဥက္ကဋ္ဌကြီးသင့်မြတ်သလိုသာ ဆုံးဖြတ်ပါလို့ ဥက္ကဋ္ဌကြီးကို လွှဲအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အားထုတ်မှုအတွက်လည်း မှတ်တမ်းတင်ဖို့လည်း လိုမယ်ထင်တယ်။ ဒါ့ကြောင့် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ရဲ့အဆုံးအဖြတ် တပါတည်းရယူသွားမှာ ဖြစ်ပါတယ်။ ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် တင်သွင်းတဲ့ သယ်န်းကျွန်းမြို့နယ်အတွင်းရှိ စံပြဆေးရုံကြီးအား ခုတင် ၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် ဤလွှတ်တော်မှ မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေးဦးစွာဂါရဝပြုနှုတ်ဆက်ရပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာဘရွှေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြုစုရေးဆွဲသော စံချိန် စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် ပြည်ထောင်စုဝန်ကြီးကိုယ်စား လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

## စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့

လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ အစီရင်ခံစာဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းက စိစစ်ထားတဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး တော့လေ့လာတွေ့ရှိချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အစီရင်ခံတင်ပြဖတ်ကြားရမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသည့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ၂၈-၈-၂၀၁၃ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာနိုင်ငံ၏စံချိန်စံညွှန်းများကို သတ်မှတ်နိုင်ရန်၊ ကုန်ထုတ်လုပ်မှုဆိုင်ရာအဖွဲ့အစည်းများနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးကို မြင့်မားစေပြီး ပြည်ပပို့ကုန်မြှင့်တင်ရေးအထောက်အကူပြုစေရန်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန်၊ အန္တရာယ်ကျရောက်ခြင်းမှ ကာကွယ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အထောက်အကူပြုစေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဤဥပဒေကြမ်းအား ရေးဆွဲတင်ပြလာခြင်းဖြစ်ပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၃-၉-၂၀၁၃ ရက်နေ့တွင် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြရာ စိစစ်တွေ့ရှိချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။ ဤဥပဒေကြမ်းတွင် အခန်း ၁၀ခန်းနှင့် ပုဒ်မ ပေါင်း ၃၁ ခု ပါရှိပါသည်-

(က) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)အား အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပိုမိုပြည့်စုံစေရန်အတွက် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(ခ) ပုဒ်မ ၂ ပုဒ်မခွဲ(က) ရှိ အများသဘောတူညီမှုအခြေခံဖြင့် စကားရပ်အား အများသဘောတူညီချက်ကို အခြေခံ၍ဟု ပုဒ်မခွဲ(ခ)အဖြစ် ပြင်ဆင်ပါသည်။

(ဂ) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ရှိ ဆောင်ရွက်မှုလုပ်ငန်းစဉ်စကားရပ်အား ဆောင်ရွက်မှုလုပ်ငန်းများဟု ပုဒ်မခွဲ(ဂ)အဖြစ် ပြင်ဆင်ပါသည်။

(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)အဖြစ် ဒေသဆိုင်ရာစံချိန်စံညွှန်းအဖွဲ့ဆိုသည်မှာ အာဆီယံဒေသဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ဥရောပဒေသဆိုင်ရာအဖွဲ့အစည်းကဲ့သို့သော အဖွဲ့အစည်းများ၏ စံချိန်စံညွှန်းအဖွဲ့ကိုဆိုသည်ဟု ပိုမိုပြည့်စုံစေရန် အသစ်ဖြည့်စွက်ပါသည်။

(င) ပုဒ်မ ၂ ပုဒ်မခွဲ(ည)အား ပုဒ်မခွဲ(ဋ) အဖြစ် အစိုးရဌာန၊ အဖွဲ့အစည်းစကားရပ်အား ပြဋ္ဌာန်းပြီးသော ဥပဒေများနှင့်ညီညွတ်စေရန်အတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဟုပြင်ဆင်ပါသည်။

(စ) ပုဒ်မ ၂ ပုဒ်မခွဲ(ဏ)အဖြစ် ဦးစီးဌာနဆိုသည်မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(ဆ) အခန်း (၃) ပုဒ်မ ၄ ၊ ပုဒ်မ ၅ နှင့်ပုဒ်မ ၃၀ ပုဒ်မခွဲ(က)တို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ စကားရပ်အား အစိုးရအဖွဲ့ဟု ပြင်ဆင်ပါသည်။

(ဇ) ပုဒ်မ ၄ ပုဒ်မခွဲ(က)ရှိ အကြီးအကဲများစကားရပ်အားအကြီးအမှူးများဟုလည်းကောင်း၊ ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် အခန်း (၄) ပုဒ်မ ၇ ပုဒ်မခွဲ(က)တို့ရှိ အစိုးရမဟုတ်သော အဖွဲ့

အစည်းများမှ စကားရပ်အား သက်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဟု ပြင်ဆင်ပါသည်။

(ဈ) ပုဒ်မ ၅ နှင့် အခန်း (၄) ပုဒ်မ ၈ တို့ရှိ ချီးမြှင့်ငွေကို စကားရပ်အား ချီးမြှင့်ငွေနှင့်စရိတ်များကိုဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ည) အခန်း (၄) ပုဒ်မ ၇ ပုဒ်မခွဲ(က)၊ အခန်း (၅) ပုဒ်မ ၁၂၊ ပုဒ်မ ၁၄ ပုဒ်မခွဲ(က) (ခ)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ(က) (ခ)၊ အခန်း (၁၀) ပုဒ်မ ၂၇၊ ပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) တို့ရှိ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန စကားရပ်အား ဦးစီးဌာနဟု ပြင်ဆင်ပါ သည်။

(ဋ) ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ရှိ သတ်မှတ်နိုင်သည် စကားရပ်အား သတ်မှတ်တာဝန်ပေးအပ်နိုင်သည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

( ဌ) ပုဒ်မ ၉ ပုဒ်မခွဲ(ခ)ရှိ သင့်လျော်သောစကားရပ်မှာ မလိုအပ်သဖြင့်ပယ်ဖျက်ပါသည်။

(ဍ) ပုဒ်မ ၉ ပုဒ်မခွဲ(င) ရှိ သင့်/မသင့် စကားရပ်များ ပယ်ဖျက်၍ အသိအမှတ်ပြုလွှာထုတ်ပေးရန် သို့မဟုတ် အသိအမှတ်ပြုလွှာ သက်တမ်းတိုးမြှင့်ပေးရန်နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို စိစစ်၍ ကောင်စီသို့ တင်ပြခြင်းဟု ပြင်ဆင်ပါ သည်။

(ဎ) ပုဒ်မ ၉ ပုဒ်မခွဲ(စ)ရှိ စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန် စကားရပ်အား စပ်လျဉ်းသည့် ကိစ္စရပ်များကို ဟု ပြင်ဆင်ပါသည်။

(ဏ) ပုဒ်မ ၉ ပုဒ်မခွဲ(ဇ)တွင် စံချိန်စံညွှန်းနှင့်စပ်လျဉ်း၍သုတေသနပြုရန်လည်းလို အပ်ပါသဖြင့် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာသင်တန်းများ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းနှင့်သုတေသနပြုခြင်းဟု ပြင်ဆင်ပါသည်။

(တ) အခန်း (၅) ပုဒ်မ ၁၅ အား ပုဒ်မ၁၅ ပုဒ်မခွဲ(က) အဖြစ်ပြောင်းလဲပြီး ပုဒ်မ ၂၈ အား ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)အဖြစ် ပြောင်းရွှေ့ပြင်ဆင်ပါသည်။

(ထ) အခန်း (၆) ခေါင်းစဉ်အား အရည်အသွေး ထောက်ခံချက်ရရှိရန် လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(ဒ) အခန်း(၆) ပုဒ်မ ၁၇ ရှိ ရရှိလိုသူသည် စကားရပ်နောက်တွင် ဦးစီးဌာန၏ ဟူသော စကားရပ်ဖြည့်စွက်၍ အရည်အသွေးထောက်ခံချက် ရရှိလိုသူသည် ဦးစီးဌာန၏ အသိအမှတ်ပြုလွှာရရှိသောဌာန၊ အဖွဲ့အစည်းသို့လျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(ဓ) အခန်း (၇) ပုဒ်မ ၁၉ နှင့် ပုဒ်မ ၂၀ တို့ရှိ အမိန့်တစ်ခုခု စကားရပ်အား အမိန့်တစ်ရပ်ရပ်ဟုပြင်ဆင်ပါသည်။

( န) အခန်း (၈) ပုဒ်မ ၂၁ ရှိ ပုဒ်မ ၁၉ အရ စကားရပ်အား ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

( ပ) ပုဒ်မ ၂၂ ရှိ အမိန့်ကို စကားရပ်အား အမိန့်ဟု ပြင်ဆင်ပါသည်။

( ဖ) ပုဒ်မ ၂၃ ရှိ ပုဒ်မ ၂၂ အရ ချမှတ်သော စကားရပ်အား ပယ်ဖျက်၍ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဟု ပြင်ဆင်ပါသည်။

( ဗ) အခန်း (၉) ပုဒ်မ ၂၄ နှင့် ပုဒ်မ ၂၅ တို့ ရှိ ၃,၀၀၀,၀၀၀ အား စာသားဖြင့် ကျပ်သိန်းသုံးဆယ်ဟုလည်းကောင်း၊ ပုဒ်မ ၂၆ ရှိ ၁,၀၀၀,၀၀၀ အား စာသားဖြင့် ကျပ်တစ်ဆယ်သိန်း ဟု အသီးသီးပြင်ဆင်ပါသည်။

( ဘ) ပုဒ်မ ၂၅ က ပုဒ်မခွဲ(ဂ)အား မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်း မရှိကြောင်း သိလျှက်နှင့်ဖြစ်စေ၊ သိတန်ရာသောအကြောင်း ရှိလျက်နှင့်ဖြစ်စေ၊ ထုတ်ကုန်တစ်ခုခုကိုကြော်ငြာခြင်း၊ ရောင်းချခြင်း သို့မဟုတ် ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်းကို သော်လည်းကောင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ကြော်ငြာခြင်း သို့မဟုတ် ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပြင်ဆင်ထားတဲ့ အပိုဒ်ခွဲ(က)ကနေ (ဘ) အထိကို ကန့်လန့်ဖြတ်ဇယားနဲ့ အားလုံးဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်ရှိတဲ့ အပိုဒ် ၅ ကို ဆက်လက်ဖတ်ကြားရှင်းလင်းမှာဖြစ်ပါတယ်။

၅။ သို့ဖြစ်ပါ၍ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃

နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၇-၁၀-၂၀၁၃ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် (တနင်္လာနေ့) ၁၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၂၀ အချိန်နာရီတွင် ရပ်နားပါသည်။]